အာရှ အလုပ်ရုံဆွေးနွေးပွဲ

IYAFA 2022– ရေရှည်တည်တံ့ပြီး သာတူညီမျှသော အသေးစားငါးဖမ်းလုပ်ငန်းများအား ချီးမြင့်ဂုဏ်ပြုခြင်း။

Session 2: ရေရှည်တည်တံ့သောငါးဖမ်းလုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် လူမှုဘဝဖူလုံ ဖွံ့ဖြိုးတိုးတက်ရန်။

အသေးစားငါးဖမ်းလုပ်ငန်းများအတွက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လက္ခဏာများဖြစ်တဲ့ စုပေါင်းသာယာဝပြောရေးနှင့် လုံခြုံစိတ်ချရသော လူမှုဘဝဖွံ့ဖြိုးတိုးတတ်ရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် တာဝန်ခံမှုရှိသော ငါးဖမ်းလုပ်ငန်းကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ လူမှုဘဝကာကွယ်ရေးစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက သော့ချက်ဖြစ်ပြီး သဘာဝဘေးဒဏ်များကျရောက်ချိန်၊ ငါးဖမ်းလုပ်ငန်း အကျပ်အတည်းများ၊ သို့မဟုတ် COVID-19 ကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုများ ခံစားရချိန်များအတွင်းအကူအညီများပေးအပ်ရာတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လူမှုဘဝဖွံ့ဖြိုးတိုးတတ်မှု ချဉ်းကပ်မှုနည်းလမ်း၊ လူမှုဘဝလိုအပ်နေမှုများကို လျှော့ချနေစဉ်တွင် မှန်ကန်သော ပံ့ပိုးပေးမှုသည် အသေးစားငါးဖမ်းလုပ်ငန်း စီမံခန့်ခွဲမှုအတွက် ဂေဟာစနစ်ချဉ်းကပ်မှုအတွက် အထောက်အကူပြုမည့် ပတ်ဝန်းကျင်ကို မူဝါဒနှင့် လုပ်ငန်းစဉ်များသည် ဖန်းတီးနိုင်ရန်မျှော်လင့်ပါသည်။

ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ လမ်းညွှန်မှုများတွင် (SSF လမ်းညွှန်ချက်များ)တွင် စဉ်ဆက်မပြတ်အသေးစားငါးဖမ်းလုပ်ငန်းများ လုံခြုံရေးအတွက် လမ်းညွှန်ချက်များအထဲမှ လူမှုဘဝဖွံ့ဖြိုးတိုးတတ်ရေး၏ အဓိကကျသော အစိတ်အပိုင်းများစွာပါဝင်သည်။ (၁) ကျန်းမာရေး ၊ပညာရေး၊ စာပေတတ်မြောက်ရေးနှင့် ဒစ်ဂျစ်တယ် အပါအဝင်၊ အိမ်ရာ၊ မိလ္လာနှင့် အမှိုက်စွန့်ပစ်မှုများ၊ သောက်သုံးရေနှင့် စွမ်းအင် နှင့် စုဆောင်းငွေ၊ ကြွေးမီှနှင့်အာမခံစနစ် (၂) တရားမျှတမှုရရှိစေရေး၊ (၃) ပင်လယ်နှင့် ကုန်းတွင်းရေပိုင်နက်များ၏ ဘေးကင်းလုံခြုံရေးကို မြင့်တင်ရန်နှင့် သဘာဝဘေးအန္တရာယ စီမံခန့်ခွဲခြင်းကို အလေးထားဆောင်ရွက်ခြင်း (၄) ကဏ္ဍအသီးသီးရှိ လုပ်ကိုင်နေကြသော အလုပ်သမားများအတွက် သင့်တင့်လျှောက်ပတ်သော လုပ်ကိုင်ခွင့်ရေးများ မြင့်တင်ပေးခြင်းနှင့် ငါးဖမ်းလုပ်ငန်းများမှ အလုပ်သမားများအား သင့်လျှော်သောလုပ်အားခများပြန်လည်ရရှိရေး၊ အာမခံချက်များပေးခြင်းနှင့်

ငါးဖမ်းလုပ်ငန်းစုနှင့် ရင်းနှီးမြုပ်နှံမှုများသို့ မျှတသော အကျိုးရလဒ်များ ပြန်လည်ရရှိအတွက် အာမခံခြင်းတို့ပါဝင်သည်။

လူမှုဖွံ့ဖြိုးတိုးတတ်ရေးတွင် ထည့်သွင်းထားသည့် စံနှင့်ကိုက်ညီသောလုပ်ငန်း၏ အစိတ်အပိုင်းများမှာ – အကျိုးရှိဖြစ်ထွန်းသောအလုပ်အကိုင်၊ လုပ်ငန်းခွင် အခွင့်အရေးများကိုကာကွယ်ပေးထားခြင်းနှင့် လူမှုဖူလုံရေးအကူအညီနှင့် လူမှုဘဝဖူလုံမှုကဲ့သို့သော လူမှုရေးအကာအကွယ်များပေးဆောင်ခြင်း၊ ကလေးနှင့် မိသားစုဆိုင်ရာ အကျိုးခံစားခွင့်များ၊ ကိုယ်ဝန်ဆောင်များအတွက် မီးဖွားခြင်းအကျိုးခံစားခွင့်များ၊ ကျန်းမာရေးဆိုင်ရာအကျိုးခံစားခွင့်များ၊ ဖျားနာခြင်းများအတွက် အကျိုးခံစားခွင့်များ၊ လုပ်ငန်းခွင်တွင်း ထိခိုက်ဒဏ်ရာရရှိမှုများအတွက် အကျိုးခံစားခွင့်၊ အလုပ်ထုတ်ပယ်ခံရခြင်းအတွက်အကျိုးခံစားခွင့်များ၊ သက်ကြီးရွယ်အိုအတွက် အကျိုးခံစားခွင့်များနှင့် အသက်ရှင်ကျန်ရစ်သူ အကျိုးခံစားခွင့်များသည် International Labour Organozation (ILO) အဖွဲ့အစည်းမှ အကြံပြုတိုက်တွန်းထားခဲ့သည် အတိုင်းပါဝင်သည်။ အသေးစားငါးဖမ်း လုပ်ငန်းများအတွင်း အလုပ်သမားများအတွက်လည်း လူမှုဖူလုံရေးဆိုင်ရာ ကာကွယ်ခြင်းကို SSF လမ်းညွှန်မှုများ တွင်ပါဝင်ထားသည်။ (စာပိုဒ် ၆.၃)

ပန်းတိုင် ၁၄ ရေရှည်ဖွံ့ဖြိုးတိုးတတ်ရေးအတွက် ပင်လယ်၊ သမုဒ္ဒရာနှင့်ရေအောက်သယံဇာတများ စဉ်ဆက်မပြတ်သုံးစွဲခြင်းအပြင်၊ လူမှုဘဝဖွံ့ဖြိုးတိုးတတ်မှု၏ အစိတ်အပိုင်းများစွာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတတ်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ၏ နယ်ပယ်အတွင်းရှိနေသည်ကို သတိပြုသင့်ပါသည်။ ယခုရည်မှန်းချက်ပန်းတိုင်များပါဝင်သည်၊ (၁) နေရာတိုင်းတွင် ဆင်းရဲမွဲတေမှုပပျောက်ရေး (target ၁.၃ အပါအဝင် သင့်လျှော်သော လူမှုဘဝဖူလုံရေးနှင့် အစီအမံများကို နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန်) (၂) ငါတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အဟာရဖူလုံရေး၊ စဉ်ဆက်မပြတ်သော စိုက်ပျိုးရေးကိုမြင့်တင်ရန်၊ (၃) အသက်အရွယ်မရွေး ကောင်းမွန်စွာနေထိုင်နိုင်ရန်နှင့် ကျန်းမာသောဘဝများ ရရှိရန်မြင့်တင်ရန်(၄) အားလုံးပါဝင်ပြီး သာတူညီမျှသော အရည်အသွေးရှိသည့် ပညာရေးစနစ်နှင့် တစ်ဘဝလုံးသင်ယူနိုင်သည့်အခွင့်အရေးများ မြင့်တင်ပေးရန်၊ (၅) ကျားမအခွင့်အရေး တန်းတူရရှိရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများအားလုံးအားစွမ်းဆောင်ရည် မြင့်တင်ပေးခြင်း၊ (၈) စဉ်ဆက်မပြတ်ပါဝင်နိုင်သော ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတတ်မှု၊ ပြည့်ဝပြီး အကျိုးသက်ရောက်မှုအားကောင်းသော အလုပ်အကိုင်နှင့် အားလုံးအတွက် စံနှင့်ကိုက်ညီသော

အလုပ်များကို မြှင့်တင်ရန်၊ (၁၃) ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုများကို အရေးပေါ် ကိုင်တွယ်ဆောင်ရွက်ခြင်း များပြုလုပ်ရန်။

အဖွဲ့လိုက်ဆွေးနွေးရမည့် မေးခွန်းများ

၁။ သင့်နိုင်ငံသို့မဟုတ် ဒေသန္တရအဆင့်တွင် ငါးလုပ်ငန်းအသိုင်းအဝန်းကို အမျိုးသမီးများ အမျိုးသားများနှင့် ကလေးများအပါဝင်၊ တံငါသည်ရပ်ဝန်းတွင် ကျန်းမာရေး၊ ပညာရေး အိမ်ယာ မိလ္လာနှင့်အမှိုက်စွန့်ပစ်မှုစနစ်၊ သောက်သုံးရေ၊ စွမ်းအင်နှင့် အထောက်အကူပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လုံလောက်သော လက်လှမ်းမီနိုင်ရန် အခြားနိုင်ငံသားများနည်းတူ ရရှိပါသလား။ ထိုဝန်ဆောင်မှုများနှင့် အထောက်အကူပြု အသုံးအဆောင်များ မည်ကဲ့သို့ မြှင့်တင်နိုင်မည်နည်း။ ငါးဖမ်းလုပ်ငန်းအဖွဲ့အစည်းများနှင့် ငါးလုပ်ငန်း စီမန်ခန့်ခွဲရေးများအတွက် ဘယ်အခန်းကဏ္ဍမှာ တွေ့မြင်နိုင်ပါသလဲ။

၂။ အမျိုးသားအဆင့်နှင့် ကဏ္ဍအလိုက်အဆင့် နှစ်ခုလုံးတွင် အသေးစားငါးလုပ်ငန်းအဖွဲ့အစည်း အားလုံးမှ အဖွဲ့ဝင်များအားလုံးနှင့် အလုပ်သမားများအားလုံးသည် လူမှုအကူအညီသို့မဟုတ် လူမှုဖူလုံရေးအာမခံပုံစံဖြင့် လူမှုလုံခြုံမှုအကာအကွယ်ကို သဘောကျနှစ်သက်ပါသလား။ ဤအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ပြောင်းရွှေ့အလုပ်သမားများအပါအဝင် အမျိုးသမီးတံငါသည်များအပေါ် ခွဲခြားဆက်ဆံမှုများရှိပါသလား။

၃။ ငါးဖမ်းလုပ်ငန်းနှင့် ဆက်စပ်သော ရေချိုနှင့် ပင်လယ်ပြင်တွင်း ဖြစ်ပွားသော မတော်တဆထိခိုက်မှုများ အကြိမ်အရည်အတွက် တိုးလာပါသလား။ ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသပြောင်းလဲဖောက်ပြန်မှုမြင့်တက်လာမှုများကြောင့် ပင်လယ်ရေအောက်နှင့် ကုန်းမြေတွင်း မြစ်ချောင်းအင်းအိုင်များတွင် လုပ်ကိုင်သောငါးဖမ်းလုပ်ငန်းများအတွက် လုံခြုံရေး အစီအစဉ်များရှိပါသလား။ ဤဆိုးရွားသောအခြေအနေများကို ရင်ဆိုင်ဖို့ရန်အတွက် ငါးဖမ်းလုပ်ငန်းခန့်ခွဲစီမံရာတွင် လုံခြုံရေးအားလုံးအတွက် အစီအမံများ သင်ဘယ်လို မြှင့်တင်ပါမည်နည်း။